


# စက်ဘီးစီးနင်းသူများအတွက် ယာဉ်၊လမ်းစည်းကမ်းနှင့် ဘေးကင်းရေးလမ်းညွှန်

Tokyo Metropolitan Police Department နှင့် Hokkaido Prefectural Police တို့၏ ဝဘ်ဆိုဒ်များမှ အချက်အလက်များအပေါ် အခြေခံထားသည်။

## စက်ဘီးစစ်ဆေးခြင်း

**စက်ဘီးမစီးမီအောက်ပါအချက်များကိုစစ်ဆေးပြီး ပျက်စီးနေသောနေရာကို ချက်ချင်းပြင်ဆင်ကြပါစို့။**

1. လက်ကိုင်သည်ရှေ့ဘီးနှင့်တည့်မှတ်စွာသေချာတပ်ဆင်ထားပါသလား။
2. ခြေနင်းများကောက်ကွေးနေခြင်းရှိမရှိ။လှုပ်ရှားမှုရှိမရှိ။
3. ချိန်းကြိုးသည်လျှော့တိလျှော့ရဲဖြစ်နေပါသလား။သံချေးတက်နေပါသလား။သေချာလည်ပတ်ပါသလား။
4. ရှေ့ဘီးဘရိတ်ရော နောက်ဘီးဘရိတ်ရော ကောင်းကောင်းအလုပ်လုပ်သလား။
5. တာယာပျက်စီးမှုရှိမရှိ။ဘီးလေလုံလောက်မှုရှိမရှိ။
6. ရှေ့မီးတောက်ပစွာလင်းပါသလား။
7. နောက်မီးနှင့် အလင်းပြန်များ (အနောက်နှင့် ဘေး) တပ်ဆင်ထားပါသလား။
8. စက်ဘီး၏အသီးသီးသောအစိတ်အပိုင်းများသေချာတပ်ဆင်ထားပါသလား။
9. ဖင်ထိုင်ခုံသေချာတပ်ဆင်ထားပါသလား။ခြေနှစ်ဘက်မြေထိနိုင်သောအမြင့်ဖြစ်ပါသလား။
10. ကုန်တင်ရန်နေရာတပ်ဆင်မှုချောင်၍လှုပ်ရှားမှုရှိမရှိ။ပျက်စီးမှုရှိမရှိ။
11. စက်ဘီးထောင်က သေချာစွာထောက်နိုင်ပါသလား။လှုပ်ရမ်းမှုမရှိဘဲ ချောမွေ့စွာ လှုပ်ရှားနိုင်သလား။
12. စက်ဘီး၏ ရွှံ့ကာသည် သေချာတပ်ဆင်ထား၍ လှုပ်ရမ်းမှုရှိမရှိ။




**အရေးကြီး**

ဆောင်းရာသီမှာ စက်ဘီး မသုံးဖြစ်ပါက ပြန်သုံးချိန်တွင်
**အထူးသတိထားပြီး သေသေချာချာ စစ်ဆေးပါ။**





# "စက်ဘီးကို အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရန် စည်းကမ်းငါးချက်"

## 1 စက်ဘီးသည် ယာဉ်လမ်းပေါ်တွင် မောင်းနှင်ရန် သာမန်သတ်မှတ်ထားသည်။လူသွားလမ်းမှာ ချွင်းချက်ဖြစ်သည်။

◆ စက်ဘီးအားယာဉ်ဟုသတ်မှတ်ကြသောကြောင့်ယေဘုယျအားဖြင့် လမ်းပေါ်တွင်စီးရမည်ဖြစ်၏။
ပြစ်ဒဏ်- သုံးလအထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ယန်း ၅၀၀၀၀ အထိ

◆ စက်ဘီးများကို လမ်း၏ဘယ်ဘက်ခြမ်းတွင် စီးရမည်။
ပြစ်ဒဏ်- သုံးလအထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ယန်း ၅၀၀၀၀ အထိ



◆ ချွင်းချက်အနေဖြင့်အောက်ပါအခြေအနေများတွင် လူသွားလမ်းပေါ်၌ စီးနင်းခွင့်ပြုသည်။

- လူသွားလမ်းတွင်「မော်တာမဲ့စက်ဘီးဖြတ်သန်းခွင့်」အမှတ်အသားတို့ရှိပါက
- အသက်၁၃နှစ်မပြည့်သေးသူများနှင့်၇၀ကျော်သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများက စီးနင်းပါက
- ကားလမ်းပြင်ခြင်းနှင့်ကားများတောက်လျှောက်ရပ်နားထားသောကြောင့်ယာဉ်လမ်း၏ဘယ်လမ်းကြောင်းကိုဖြတ်ရန်ခက်ခဲသောအခါ။ကားလမ်းကျဉ်းသောစသဖြင့် မလွဲရှောင်နိုင်သောအခြေအနေ

ပြစ်ဒဏ်-ငွေဒဏ် ၂သောင်းအထိ သို့မဟုတ် သတ်မှတ်ထားသောဒဏ်ကြေး



◆ လူသွားလမ်းသည် လမ်းသွားလာသူများကိုဦးစားပေးရမည်ဖြစ်သောကြောင့် လူသွားလမ်းတွင်စီးနင်းသောအခါ ကားလမ်းဘက်သို့ကပ်၍မောင်းနှင်ရမည်။လူအသွားအလာအနှောင့်အယှက်ဖြစ်စေပါက ခဏရပ်နားပေးရမည်။
ပြစ်ဒဏ်-ငွေဒဏ် ၂သောင်းအထိ သို့မဟုတ် သတ်မှတ်ထားသောဒဏ်ကြေး

## 2 လမ်းဆုံနှင့်မီးပွိုင့်များတွင်ခဏရပ်ခြင်းကိုစောင့်တည်၍ဘေးကင်းခြင်းရှိမရှိ စစ်ဆေးရန်။




◆ စက်ဘီးဖြင့်ယာဉ်လမ်းကြောင်းတွင်စီးနင်းသောအခါ မီးပွိုင့် စနစ်လိုက်နာရမည်။
ပြစ်ဒဏ်- သုံးလအထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ယန်း ၅၀၀၀၀ အထိ

◆ လမ်းဆုံတွင်ရပ်တန့်၍ ဘေးဘယ်ညာအန္တရာယ်ကင်းစစ်ဆေးမှုပြုလုပ်ပါ။
ပြစ်ဒဏ်- သုံးလအထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ယန်း ၅၀၀၀၀ အထိ

## 3 ညဘက်တွင် မဖြစ်မနေစက်ဘီးမီးဖွင့်ပါ။



◆ ညဘက်တွင်မီးဖွင့်ခြင်း၊ရောင်ပြန်ကိရိယာများကိုတပ်ဆင်ခြင်း ဖြင့်စက်ဘီးစီးနင်းကြပါစို့။
ပြစ်ဒဏ်- ငွေဒဏ် ယန်း၅ သောင်းအထိ

## 4 အရက်သောက်သုံးစီးနင်းခြင်းတားမြစ်



◆ ကားမောင်းနှင်ခြင်းနှင့်ထပ်တူ အရက်သောက်သုံး၍ စက်ဘီးစီးနင်းခြင်းမပြုရ။
ပြစ်ဒဏ်- ၅နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ယန်း ၁၀၀၀၀၀၀ အထိ(မူး၍မောင်းနှင်ပါက)


## 5 စက်ဘီးစီးဦးထုပ်ဆောင်းပါ။



မွေးကင်းစကလေးများ ကလေးငယ်များသာမက စက်ဘီးအသုံးပြုသူတိုင်းဦးထုပ်ဆောင်းရန် မဖြစ်မနေလိုအပ်လာပါသည်။ မိဘများသည် ကလေး သို့မဟုတ် မွေးကင်းစကလေးများ စက်ဘီးစီးသည့်အခါ ဦးထုပ်ဆောင်းရန် သေချာစေရမည်။

##  တားမြစ်ချက်များ

### ရထားလမ်းဖြတ်ကူးဝင်ရောက်ခြင်းတားမြစ်



ရထားလမ်းတားမြစ်စက်မှ ကူးဖြတ်ခြင်းတားမြစ်နေရန်စတင်ချိန်၊သတိပေးစက်မှအသိပေးသံ မြည်နေစဥ် ရထားလမ်းအားဖြတ်သန်းခြင်းမပြုရ။
ပြစ်ဒဏ်- ၃လအထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ယန်း ၅၀၀၀၀ အထိ

### ဘရိတ်ချို့ယွင်းနေသော (ဘရိတ်မပါသော ) စက်ဘီးကို စီးခြင်း။



ဘရိတ်များကို ရှေ့နှင့်နောက်ဘီးနှစ်ခုစလုံးတွင် တပ်ဆင်ပေးရပါမည်။
ပြစ်ဒဏ်- ငွေဒဏ် ယန်း၅ သောင်းအထိ

### ထီးဆောင်း၍စက်ဘီးစီးနှင်းခြင်း



မြင်ကွင်းကိုအနှောင့်အယှက်ဖြစ်စေတတ်သောထီးဆောင်းခြင်း၊ တည်ငြိမ်မှုပျက်ယွင်းစေနိုင်သောပစ္စည်းကိုင်ခြင်းစသောအပြုအမူများဖြင့် စက်ဘီးစီးနှင်းမပြုရ။
ပြစ်ဒဏ်- ငွေဒဏ် ယန်း၅ သောင်းအထိ

### ဖုန်းသုံးလျှက်စက်ဘီးစီးနှင်းခြင်း



စက်ဘီးစီးနှင်းစဥ် ဖုန်းကိုလက်ဖြင့်ကိုင်၍ ဖုန်းပြောခြင်း၊အီးမေးလ်နှင့်စာပို့ခြင်းမပြုရ။
ပြစ်ဒဏ်- ၆လအထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ယန်း ၁၀၀၀၀၀ အထိ (ဖောက်ဖျက်သူ)

### နားကြပ်စသည်တို့ကိုအသုံးပြု၍ စီးနှင်းခြင်း၊



နားကြပ်စသည်တို့ကိုအသုံးပြု၍သီချင်းနားထောင်ခြင်းစသဖြင့် သတိထားရန်လိုအပ်သောပတ်ဝန်းကျင်အသံများကိုမကြားနိုင်သောအခြေအနေဖြင့်စက်ဘီးစီးနှင်းခြင်းမပြုရ။
ပြစ်ဒဏ်-ငွေဒဏ် ၅သောင်းအထိ

### ဘေးတိုက်ယှဥ်စီးနှင်းခြင်း



အခြားသောစက်ဘီးနှင့်ဘေးတိုက်ယှဥ်စီးနှင်းခြင်းမပြုရ။
ပြစ်ဒဏ်-ငွေဒဏ် ၂သောင်းအထိ သို့မဟုတ် သတ်မှတ်ထားသောဒဏ်ကြေး



စက်ဘီးစီးစဥ်မိုဘိုင်းလ်ဖုန်းအသုံးပြုခြင်းနှင့် အရက်သေစာသောက်စားမောင်းနှင်ခြင်းတို့ကြောင့် ဖြစ်ပွားသော ယာဉ်မတော်တဆမှုများကို တားဆီးရန်အတွက် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ စတင်ကာ အန္တရာယ်ရှိသော စက်ဘီးစီးခြင်းအတွက် ပြစ်ဒဏ်အသစ်များ ချမှတ်လိုက်ပြီဖြစ်သည်။. ပိုမိုသိရှိလိုပါက မြို့တော်ရဲဌာနမှ ထုတ်သော လက်ကမ်းစာစောင်ကို ကြည့်ပါ။

www.hiecc.or.jp/soudan/info/detail.html?pid=8730062336999

## ယာဉ်မတော်တဆမှု ဖြစ်ပွားသည့်အခါ



1 **ယာဉ်ကို ချက်ခြင်းရပ်ပါ။**

2 **သင့်ယာဉ်ကို အခြားယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် လမ်းဘေးသို့ ရွှေ့ပါ။**



3 **ထိခိုက်ဒဏ်ရာရပါက လူနာတင်ယာဉ်ခေါ်ရန် 119 သို့ခေါ်ဆိုပါ။**

အရေးပေါ်ဝန်ဆောင်မှုများ မရောက်မချင်း၊ သန့်ရှင်းသော လက်ကိုင်ပုဝါဖြင့် သွေးထွက်ခြင်းကို ရပ်တန့်စေခြင်း၊ အားပေးခြင်းကဲ့သို့သော ရှေးဦးသူနာပြုစုနည်းကို လုပ်ဆောင်ပါ။ သို့သော် ထိခိုက်ဒဏ်ရာရသူအား မလိုအပ်ဘဲ မရွှေ့ပါနှင့်။



4 **ထိခိုက်ဒဏ်ရာရရှိမှု၊ရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ 110 ကိုခေါ်ဆို၍ ရဲကိုခေါ်ဆိုပါ။**

ရဲတွေရောက်လာတဲ့အထိ မတော်တဆမှုဖြစ်တဲ့နေရာကနေ ဘယ်တော့မှ မထွက်ခွာပါနဲ့။ ယာဉ်မောင်းနှင်သူအနေဖြင့် စက်ဘီးစီးသူသည် ယာဉ်မတော်တဆမှု အခြေအနေကို ရဲအရာရှိထံ သတင်းပို့ရန်တာဝန်ရှိသည်။

## မမျှော်လင့်ထားသောကိစ္စများအတွက် အာမခံဝယ်ထားပါ။

**စက်ဘီးသုံးနေတယ်ဆိုရင် မမျှော်လင့်ထားသောကိစ္စများအတွက် အာမခံဝယ်ထားကြပါစို့။**

- စက်ဘီးမတော်တဆမှုတွင် စက်ဘီးမောင်းနှင်သူ၌ လျော်ကြေးပမာဏများစွာ ကျသင့်နိုင်ချေရှိနိုင်သည်။
- ၎င်းအတွက်သင့်အာမခံ အကျုံးဝင်ခြင်း ရှိ၊ မရှိ သိရန် စစ်ဆေးပါ။



## စက်ဘီးခိုးယူခြင်း ကာကွယ်ရေး အခြေခံများ

1 **သင့်စက်ဘီးကို ခေတ္တရပ်နားပါကလည်း သော့ခတ်ထားရန် ! !**

ရာဇဝတ်ကောင်များသည် စက်ဘီးခိုးယူရာတွင် အချိန်များစွာ မဖြုန်းချင်ကြသောကြောင့် ပုံမှန်သော့များအပြင် ဝါယာကြိုးသော့များနှင့် U-locks များကို အသုံးပြုခြင်းသည် အလွန်ထိရောက်ပါသည်။




2 **စက်ဘီးရပ်နားရာနေရာ၌ပင်ဖြစ်စေ သတိပေါ့လျော့ခြင်းမပြုပါနှင့်။ တတ်နိုင်သမျှ ရွှေ့ပြောင်းနိုင်ခြင်းမသောအရာဝတ္ထုနှင့်ချည်နှောင် သော့ခတ်ပါ။ ! !**



3 **မဖြစ်မနေစက်ဘီးပိုင်ဆိုင်မှု မှတ်ပုံတင်ရန်! !**

စက်ဘီးပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်းသည် ခိုးယူမှုမှ ကာကွယ်ရန်နှင့် စွန့်ပစ်ထားသော စက်ဘီးပိုင်ရှင်ကို ဖော်ထုတ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် သင့်ရဲ့တန်ဖိုးကြီးတဲ့စက်ဘီးကို သေချာမှတ်ပုံတင်ကြပါစို့။



မှတ်ပုံတင်လက်မှတ်နမူနာ

www.hiecc.or.jp/soudan support@hiecc.or.jp ဖုန်း: 011-200-9595 ဖက်စ်: 011-221-7845